# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
# ညွှန်ကြားချက်အမှတ်၊ ၃/၂၀၁၆
# နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁) ရက်
# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက်အမှတ် ၃/ ၂၀၁၆ ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဥပဒေနှင့်အညီ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းပုံစံ(Business Model) ပေါ်မူတည်၍ ကျေးလက်၊ မြို့ပြမခွဲခြားဘဲ လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် ကျေးလက်ဒေသတွင် လုပ်ငန်းဆောင်ရွက်ခြင်းကို အားပေးသည်။ မြို့ပြတွင် လုပ်ငန်းဆောင်ရွက်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ကျေးလက်ဒေသတွင် လုပ်ငန်းဆောင်ရွက်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ပေးအပ်ထားသည့် အခွင့်အရေးများကို ခံစားခွင့်မရှိပါ။

(ခ ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အသင်းဝင်များသို့ ချေးငွေထုတ်ချေးရာတွင် အသင်းသားများ၏ အမှန်တကယ် ပြန်လည်ပေးဆပ်နိုင်မှုအပေါ် မူတည်၍ ထုတ်ချေးရန်ဖြစ်သည်။

(ဂ ) မည်သည့်ချေးငွေအမျိုးအစားအတွက်ဖြစ်စေ အသင်းသားများထံမှ အာမခံပစ္စည်း ရယူခြင်း မပြုရ။

(ဃ) ကြီးကြပ်သူ အဖွဲ့အစည်းများမှ ချေးငွေ ထုတ်ချေးမှုနှင့် သက်ဆိုင်သော စာရင်းဇယားများ တောင်းခံပါက အချိန်နှင့်တစ်ပြေးညီ ပြုစုပေးပို့ရမည်။

(င ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အရစ်ကျငွေချေးစနစ်ဖြင့် ပစ္စည်းများ ဝယ်ယူခြင်း (Hire purchase) ဝန်ဆောင်မှုပေးရာတွင် အသင်းသားများ၏ လိုအပ်ချက်နှင့် ကိုက်ညီသောဝန်ဆောင်မှုများ ပေးနိုင်သည်။ သို့ရာတွင် ပစ္စည်း ဝယ်ယူခြင်းနှင့် သက်ဆိုင်သော အငြင်းပွားမှုများကို သက်ဆိုင်ရာ အသေးစားငွေရေး ကြေးရေးအဖွဲ့အစည်းက တာဝန်ယူ ဖြေရှင်းပေးရမည်။ ကြီးကြပ်ကွပ်ကဲသူများက (Hire purchase) နှင့် သက်ဆိုင်ရာ အကြောင်းအရာ၊ စာရင်းဇယားများတောင်းခံ ပါက အချိန်နှင့်တစ်ပြေးညီ ပြုစုတင်ပြရမည်။

(စ ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေး ဥပဒေ ပုဒ်မ(၂၉)အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ငွေကြေးဝန်ဆောင်မှု အသစ်များ ဆောင်ရွက်လိုပါက မိမိတို့ လုပ်ဆောင်မည့် ငွေကြေးဝန်ဆောင်မှုနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုပုံစံ (Business Model)၊ လုပ်ငန်းဆောင်ရွက် မည့်အစီအမံ (Business Plan) တို့နှင့်အတူ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသို့ တင်ပြရမည်။

၃။ အထက်ပါ အချက်များနှင့်စပ်လျဉ်း၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ယခင်ညွှန်ကြားချက်များကို ဤညွှန်ကြားချက်ဖြင့် ကျော်လွန်လွှမ်းမိုးလိုက်သည်။

ကျော်ဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ